အတွဲ - ၁၊ အမှတ်-၆၊ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ။

MPRL E&P Pte Ltd.

# တို့ဖွန်းမြေ သတင်းလွှာ

မန်းရေနံမြေဒေသဖွံ့ဖြိုးရေး
CSR လုပ်ငန်းဆောင်ရွက်ချက်များ

## အနက်ပေ (၅၂၀) ရှိ အများသုံးရေတွင်း ပေါက်ကုန်းကျေးရွာတွင် တူးဖော်ပြီးစီး





မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) ၏ သောက်သုံးရေဖြန့်ဝေမှုအစီအစဉ်တွင် မန်းရေနံမြေထိစပ်ကျေးရွာ (၁၄) ရွာအနက် အေးမြ၊ နန်းဦး၊ လေးအိမ်တန်း၊ အောက်ကျောင်းနှင့် လက်ပံတော၊ ပေါက်ကုန်းနှင့် လက်ပံတပင်ကျေးရွာတို့ပါရှိပြီး ကျန်ကျေးရွာ (၅) ရွာသည် အဆိုပါ အစီအစဉ်တွင် မပါဝင်သေးကြောင်း ၂၀၂၂ ခုနှစ်၊ မတ်လတွင် ပြုလုပ်ခဲ့သည့် CSR & Communications ဌာန၏ CSR လုပ်ငန်းဆိုင်ရာ သက်ရောက်မှုဆန်းစစ်ချက်အစီရင်ခံစာ (Impact Assessment Survey-2022) တွင် ဖော်ပြပါရှိသည်။ အဆိုပါ MOGE ၏ ရေဖြန့်ဝေမှုအစီအစဉ်တွင် ပါဝင်သည့် ပေါက်ကုန်းနှင့် လက်ပံတပင်ကျေးရွာတို့သည်လည်း အချိန်မှန် ရေရရှိရန် အခက်အခဲအချို့ရှိသည့်အတွက် ကျေးရွာနေဒေသခံများ အသုံးပြုနိုင်ရန် အများသုံးရေတွင်း တူးဖော်နိုင်ရေးကို CSR လုပ်ငန်းအဖွဲ့ဝင်များက ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပထမသုံးလပတ်ကာလအတွင်း သက်ဆိုင်ရာ လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ပြီး လိုအပ်သည်များ ကြိုတင်ပြင်ဆင်ခဲ့သည်။

ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်မှုအစီအစဉ်၏ ကဏ္ဍတစ်ရပ်အနေဖြင့် MPRL E&P CSR လုပ်ငန်းအဖွဲ့ဝင်များသည် ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် ပေါက်ကုန်းကျေးရွာရှိ

စာမျက်နှာ - ၃ ➤

## ဒေသခံများအတွက် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုကို မန်းရေနံမြေတာဝန်ခံဆရာဝန်နှစ်ဦးဖြင့် တိုးချဲ့ပံ့ပိုးလျက်ရှိ







MPRL E&P သည် ၂၀၂၂ ခုနှစ်၊ မတ်လအတွင်း ပြုလုပ်ခဲ့သည့် CSR လုပ်ငန်းဆိုင်ရာသက်ရောက်မှု ဆန်းစစ်ချက်အစီရင်ခံစာအရ မန်းရေနံမြေထိစပ်ကျေးရွာနေဒေသခံများအတွက် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ပံ့ပိုးလျက်ရှိသည့် ရွေ့လျားဆေးပေးခန်းများကို တိုးချဲ့ဖွင့်လှစ်နိုင်ရန် ဒေသခံများ၏ လိုအပ်ချက်နှင့် လိုလားချက်အဖြစ် စိစစ်ဖော်ထုတ်သိရှိရသည်။ အဆိုပါလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် မန်းရေနံမြေကျေးရွာ (၄) ရွာတွင် အပတ်စဉ် (၄) ကြိမ် ဖွင့်လှစ်လျက်ရှိသည့် ရွေ့လျားဆေးပေးခန်းများတွင် အေးမြနှင့် နန်းဦး-အောက်ကျောင်းကျေးရွာတို့တွင် အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း တစ်လှည့်စီ တိုးချဲ့ဖွင့်လှစ်နိုင်ရန် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့သည်။ ယင်းသို့ဆောင်ရွက်နေစဉ် ယခင်က CSR အစီအစဉ်ဖြင့် ပံ့ပိုးခဲ့သည့် ပြင်ပဆရာဝန်တစ်ဦးအစား MPRL E&P ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာန (HSE Department) ၏ ပူးပေါင်းပါဝင်ပံ့ပိုးမှုဖြင့် မန်းရေနံမြေတာဝန်ခံ ဆရာဝန် (၂) ဦးက ၂၀၂၂ ခုနှစ်၊

စာမျက်နှာ - ၃ ➤



တို့ဖွန်းမြေ သတင်းလွှာ

# မန်းတောင်သူများအတွက် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် MPRL E&P (CSR အစီအစဉ်) ဖြင့် ပံ့ပိုးလျက်ရှိ

## ခရမ်းချဉ်စိုက်ပျိုးတောင်သူများအတွက် မျိုးစေ့နှင့် စိုက်ပျိုးရေးဆက်စပ်ပစ္စည်းများပံ့ပိုးခြင်း

မန်းရေနံမြေထိစပ်ကျေးရွာ (၁၄) ရွာအနက် နည်းစနစ်အသစ်ဖြင့် ခရမ်းချဉ်စိုက်ပျိုးရေးကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လမှ စတင်လုပ်ကိုင်လျက်ရှိသည့် မန်းကျိုး၊ ချင်တောင်နှင့် ကွဲချကျေးရွာများရှိ ခရမ်းချဉ်တောင်သူ (၁၈) ဦးသည် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်၏ ခရမ်းချဉ်စိုက်ပျိုးရာသီတွင် ခရမ်းချဉ် (၇.၂၅) ဧကကို စိုက်ပျိုးခဲ့ပြီး အောင်မြင်ဖြစ်ထွန်းသည့် ခရမ်းချဉ်သီးနှံများကို ဒေသတွင်းဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ခဲ့ပြီး သင့်တင့်သည့် အမြတ်အစွန်းများလည်း ရရှိခဲ့ကြသည်။






မန်းရေနံမြေဒေသခံစိုက်ပျိုးတောင်သူများထံ ခရမ်းချဉ်မျိုးစေ့များဖြန့်ဝေခြင်းနှင့် ခရမ်းချဉ်တောင်သူများကို နည်းပညာအကူအညီပေးခြင်း

အပူပိုင်းဒေသများတွင် ရောင်းတန်းဝင်ခရမ်းချဉ်သီးနှံအဖြစ် စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် အစိုဓာတ်ခမ်းခြောက်မှုနှင့်ပေါင်းမြက်ပေါက်ရောက်မှုကို ထိန်းချုပ်နိုင်သည့် မြေဖွေ့ထိန်းသိမ်းနည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရန် MPRL E&P (CSR အစီအစဉ်) နှင့် မင်းဘူး (စကု) မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ နည်းပညာအကူအညီ၊ အနီးကပ်ကြီးကြပ်လမ်းညွှန်မှုတို့နှင့်အတူ မန်းဒေသတောင်သူများအတွက် ခရမ်းချဉ်စိုက်ပျိုးနည်းသစ်များကို ဟင်းသီးဟင်းရွက်နှင့် ဥယျာဉ်ခြံစိုက်ပျိုးနည်းသင်တန်းများမှတဆင့် ပံ့ပိုးခဲ့ခြင်းဖြစ်သည်။

အဆိုပါစိုက်ပျိုးနည်းဖြင့် ခရမ်းချဉ်စိုက်ပျိုးရာတွင် မိရိုးဖလာစိုက်ပျိုးနည်းထက် ကနဦးစိုက်ပျိုးစရိတ်ကြီးမြင့်သော်လည်း ပေါင်းမြက်ထိန်းချုပ်နိုင်၍ ပေါင်းထိုးခ သက်သာခြင်း၊ မြေဖွေ့ထိန်းပလပ်စတစ် အသုံးပြုခြင်းဖြင့် အစိုဓာတ်တာရှည်ခံအောင် ထိန်းသိမ်းနိုင်ခြင်းကြောင့် ရေတင်ရေသွင်းရသည့် အကြိမ်ရေနည်းပါးခြင်း၊ ပိုးမွှားကျရောက်မှုနည်းပါး၍ ပိုးသတ်ဆေးအသုံးပြုရမှုနည်းပါးခြင်းနှင့် သီးနှံအရည်အသွေး ကောင်းမွန်ခြင်း၊ အထွက်နှုန်းမြင့်မားခြင်းတို့ကြောင့် ခရမ်းချဉ်စိုက်ပျိုးရေးကို လုပ်ကိုင်လိုသည့် တောင်သူများ ယမန်နှစ်များထက် တိုးတက်များပြားလာခြင်းဖြစ်သည်။

သို့ဖြစ်၍ CSR လုပ်ငန်းအဖွဲ့ဝင်များက မူလတည်ထောင်ထားပြီးဖြစ်သည့် မျိုးစေ့ဘဏ် စီမံခန့်ခွဲရေးစနစ်ဖြင့် စနစ်တကျစုဆောင်း၊ ဖြန့်ဝေနိုင်ရန် ထည့်သွင်းစဉ်းစား၍ ကြိုတင်ပြင်ဆင်ခဲ့သည်။

၂၀၂၂ -၂၀၂၃ ဘဏ္ဍာရေးနှစ်၊ စိုက်ပျိုးရာသီအတွင်း ခရမ်းချဉ်စိုက်ပျိုးတောင်သူ (၂၃) ဦးအတွက် ခရမ်းချဉ် မျိုးစေ့အထုပ် (၃၀) ကို MPRL E&P (CSR အစီအစဉ်) ၏ မျိုးစေ့ဘဏ်စီမံခန့်ခွဲရေးစနစ်ဖြင့် ပံ့ပိုးဖြန့်ဝေနိုင်ခဲ့ပြီး ခရမ်းချဉ်စိုက်ပျိုးနည်းသစ်တွင်လိုအပ်သည့် စိုက်ပျိုးရေးသုံး မြေဖွေ့ထိန်းပလပ်စတစ်အလိပ် (၁၅) လိပ်ကိုပါ ကြိုတင်ဝယ်ယူစုဆောင်းပြီး ပြန်လည်ဖြန့်ဝေနိုင်ခဲ့သည်။ ယခုနှစ်စိုက်ပျိုးရာသီတွင် မန်းကျိုး၊ ချင်တောင်၊ ကွဲချနှင့် လက်ပံတောကျေးရွာတို့တွင် မူလစိုက်ပျိုးခဲ့သည့် ခရမ်းချဉ်တောင်သူများနှင့် ထပ်တိုးတောင်သူစုစုပေါင်း (၄၀) ဦးကျော်က ခရမ်းချဉ်စိုက်ပျိုးရန် ပြင်ဆင်လျက်ရှိသည်။

## ခရမ်းချဉ်သီးအခြေခံ တန်းဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်လှစ်ပို့ချ

မန်းရေနံမြေဒေသထွက်သီးနှံတစ်မျိုးဖြစ်သည့် ခရမ်းချဉ်သီးနှံကို ဘေးအန္တရာယ်ကင်းရှင်းပြီး အာဟာရပြည့်ဝသည့် စားသောက်ကုန်များအဖြစ် ထုတ်လုပ်ရောင်းချနိုင်ရန်၊ စားသောက်ကုန် အန္တရာယ်ကင်းရှင်းရေး အသိပညာများနှင့် အရည်အသွေးပြည့်မီပြီး စားသုံးရန်သင့်လျော်သည့် စားသောက်ကုန်များကို ဒေသတွင်းဈေးကွက်တွင် ရရှိသုံးစွဲနိုင်စေရန်ရည်ရွယ်၍ ခရမ်းချဉ်သီးအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ (၅) နေ့မှ (၁၁) ရက်နေ့အထိ မန်းရေနံမြေရှိကျေးရွာတွင် ဖွင့်လှစ်ပို့ချခဲ့သည်။ အဆိုပါသင်တန်းမဖွင့်လှစ်မီ သင်တန်းကို စိတ်ပါဝင်စားသည့် မန်းရေနံမြေဒေသခံများနှင့် ရေနံမြေ CSR ညှိနှိုင်းရေးမှူးက တွေ့ဆုံဆွေးနွေးခဲ့ပြီး သင်တန်းဆိုင်ရာအချက်အလက်များနှင့် သင်တန်းတက်ရောက်နိုင်ရေး လိုအပ်ချက်များကို မှျဝေခဲ့သည်။ အဆိုပါသင်တန်းသို့ မန်းရေနံမြေဒေသခံ (၂၀) ဦးတက်ရောက်ခဲ့ပြီး အသေးစားစက်မှုလုပ်ငန်းဦးစီးဌာန၏ သင်တန်းမှူး ဒေါ်စိုးစိုးစံက လာရောက်ပို့ချခဲ့သည်။ သင်တန်းတွင် ခရမ်းချဉ်အခြေခံတန်ဖိုးမြှင့် စားသောက်ကုန်အမျိုးမျိုးထုတ်လုပ်ခြင်း၊ တာရှည်ခံသီးနှံခြောက်များ ထုတ်လုပ်ခြင်း၊ ယို၊ ဂျယ်လီ၊ ဆော့စ်နှင့် အခြားစားသောက်ကုန်များ ထုတ်လုပ်ခြင်း၊ စားသောက်ကုန်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အာဟာရပြည့်ဝရေးဆိုင်ရာ စီမံခန့်ခွဲမှုနည်းလမ်းများစသည့် ဘာသာရပ်များကို စာတွေ့လက်တွေ့ သင်ကြားပို့ချခဲ့သည်။







စာမျက်နှာ - ၅ ➤

တို့မန်းမြေ သတင်းလွှာသည် MPRL E&P Pte Ltd. ၏ မူပိုင်ဖြစ်ပါသည်။ မြန်မာဘာသာဖြင့် ထုတ်ဝေသည့် တို့မန်းမြေ သတင်းလွှာနှင့် သတင်းလွှာဆိုင်ရာ လိုဂိုအမှတ်အသား၊ သတင်းလွှာတွင်ရေးသားထားသည့် သတင်းနှင့် ဆောင်းပါးများကို တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း၊ တစ်ပုဒ်လုံးသော်လည်းကောင်း ကူးယူ၍ တဆင့်ပြန်လည်ထုတ်ဝေခြင်း ခွင့်မပြုပါ။

**စာတည်းမှူး**
ဝတ်မှုံတင်လတ်
withmone.t.latt@mprlexp.com

**စာတည်း**
မိုးသူဇာစိုး
moe.tz.soe@mprlexp.com

ပြည့်ပြည့်ဖြိုး
pyae.p.phyo@mprlexp.com

**ဒီဇိုင်း**
ထက်လင်း
htet.linn@mprlexp.com

**MPRL E&P Pte Ltd.**
**CSR & Communications Department**

Vantage Tower – အမှတ် (၆၂၃)၊
ပြည်လမ်း၊ ကမာရွတ်မြို့နယ်
ဖုန်း – ၀၁ ၂၃၀ ၇၇၃၃
ဖက်စ် – ၉၅ ၁ ၂၃၀ ၇၇၆၄
အီးမေးလ် – mprlstaff@mprlexp.com
ဝက်ဘ်ဆိုဒ် – www.mprlexp.com

မျက်နှာဖုံးမှ အဆက်

အများသုံးရေတွင်းတူးဖော်ရန် သတ်မှတ်နေရာတွင် အနက်ပေ (၅၂၀) ရှိ ရေတွင်းတူးဖော်ရေးလုပ်ငန်းများကို စတင်နိုင်ခဲ့ပြီး ရေစုပ်စက်၊ လျှပ်စစ်ဝါယာကြိုး၊ ရေသွယ်တန်းနိုင်မည့် PVC ပိုက်များနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူတပ်ဆင်နိုင်ရေးအတွက် MPRL E&P (CSR အစီအစဉ်) ဖြင့် ဆောင်ရွက်ခဲ့ရာ ဩဂုတ်လအတွင်း လုပ်ငန်းအားလုံး ပြီးစီးခဲ့သည်။ အဆိုပါလုပ်ငန်းများအတွက် MPRL E&P က ကျပ် ၆,၃၆၉,၂၅၀/ (ကျပ်ခြောက်ဆယ့်သုံးသိန်း ခြောက်သောင်းကိုးထောင် နှစ်ရာ့ငါးဆယ်) ပံ့ပိုးခဲ့ပြီး ပေါက်ကုန်းကျေးရွာနေ ဒေသခံများက ကျပ် ၉၀၀,၀၀၀/ (ကျပ်ကိုးသိန်း) ပါဝင်ထည့်ဝင်ခဲ့ရာ ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများအတွက် စုစုပေါင်းကုန်ကျငွေ ကျပ် ၇,၂၆၉,၂၅၀/ (ကျပ်ခုနစ်ဆယ့်နှစ်သိန်း ခြောက်သောင်းကိုးထောင် နှစ်ရာ့ငါးဆယ်) ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ အများသုံးရေတွင်းမှ ထွက်ရှိသည့်ရေချိုကို ပေါက်ကုန်းကျေးရွာရှိ အိမ်ထောင်စု (၁၁၉) စုရှိ ဒေသခံ (၄၉၀) ဦးက သောက်သုံးရေအဖြစ် အသုံးပြုနိုင်မည်ဖြစ်သည်။ ■













မျက်နှာဖုံးမှ အဆက် ➤

ဇွန်လ (၂၀) ရက်နေ့မှ စတင်၍ အလှည့်ကျတာဝန်ယူ၍ ဒေသခံများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုပူးပေါင်းပါဝင်ပံ့ပိုးနိုင်ခဲ့သည်။ ထို့ပြင် ရွေ့လျားဆေးပေးခန်းများ ဖွင့်လှစ်နိုင်ရန် မူလကတည်းက ကူညီပံ့ပိုးလျက်ရှိသည့် ကျန်းမာရေးအထောက်အကူပြု ဝန်ထမ်းများ၊ ဒေသခံစေတနာ့ဝန်ထမ်းများနှင့် CSR လုပ်ငန်းအဖွဲ့ဝင်များကလည်း ဆေးပေးခန်း ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ရန် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည်။ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၁) ရက်မှ စက်တင်ဘာလ (၁၆) ရက်နေ့အထိ ဖွင့်လှစ်ပြီး ဆေးခန်းအကြိမ်ရေ (၁၂၇) ကြိမ်နှင့် အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ပြီး ဒေသခံများက (၄,၈၆၇) ကြိမ် လာရောက်ပြသပြီးဖြစ်သည်။ ထို့ပြင် ဒေသခံများတွင်အဖြစ်များသည့် ဆီးချိုနှင့် သွေးတိုးရောဂါကဲ့သို့ ကျန်းမာရေးပြဿနာတစ်ခုစီအလိုက် ကျန်းမာရေးပညာပေးဆွေးနွေးပွဲများကို ပံ့ပိုးနိုင်ရန်စီစဉ်ခဲ့ရာ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (၂၂) ရက်နေ့မှ စက်တင်ဘာလ (၁၆) ရက်နေ့အထိ “သွေးတိုး၊ ဆီးချိုရောဂါအကြောင်း သိကောင်းစရာ” ခေါင်းစဉ်ဖြင့် ဟောပြောပို့ချမှု (၁၅) ကြိမ် ပြုလုပ်ခဲ့သည်။ ဆီးချိုရောဂါအကြောင်းသိကောင်းစရာများကို မန်းရေနံမြေတာဝန်ခံဆရာဝန် ဒေါက်တာလှိုင်မင်းထက်ကျော်ကလည်းကောင်း၊ သွေးတိုးရောဂါအကြောင်း သိကောင်းစရာများကို မန်းရေနံမြေတာဝန်ခံဆရာဝန် ဒေါက်တာကျော်ရဲထွဋ်ကလည်းကောင်း မျှဝေပြောကြားခဲ့ရာ ရွေ့လျားဆေးခန်းများ မဖွင့်လှစ်မီ နံနက် (၈) နာရီခွဲမှ (၉) နာရီခွဲအထိပြုလုပ်သော အဆိုပါ ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများသို့ ဒေသခံ (၃၀၂) ဦး တက်ရောက်ခဲ့သည်။ ■





မန်းရေနံမြေတာဝန်ခံဆရာဝန်နှစ်ဦးဖြင့် ရွေ့လျားဆေးပေးခန်းများတိုးချဲ့ ဖွင့်လှစ်ခြင်းနှင့် အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း







## “တို့လက်ကလေးတွေ ဆေးကြစို့၊ စွန့်ပစ်အမှိုက်တွေ လျှော့ချစို့”

မိမိကိုယ်တိုင်နှင့်မိသားစုဝင်များအတွက် ရောဂါဘယများမှ အကောင်းဆုံးကာကွယ်နည်း တစ်ခုမှာ တစ်ကိုယ်ရေကျန်းမာရေးကို ဂရုစိုက်ခြင်းဖြစ်သည်။ တစ်ကိုယ်ရေသန့်ရှင်းရေး ကို ငယ်စဉ်ကတည်းက ဂရုတစိုက်နှင့် စနစ်တကျလုပ်ကိုင်တတ်စေရန် သင်ကြားလေ့ကျင့်ပေး ခြင်းသည် ကလေးအရွယ်တွင်သာမက ဘဝတစ်လျှောက်လုံးတွင် ကျန်းမာရေးအတွက်မဖြစ် မနေလုပ်ဆောင်ရမည့် တာဝန်များအတွက် အခြေခံအုတ်မြစ်ချပေးခြင်းလည်းဖြစ်သည်။

အခြေခံပညာကျောင်းများသည် ကျောင်းနေအရွယ်ကလေးများအတွက် အတန်းပညာသင် ကြား လေ့လာရုံသာမက အခြားသင်ယူမှုများလုပ်ဆောင်နိုင်သည့် သင်ကြားရေးပတ်ဝန်း ကျင်ဖြစ်သည်။ သို့ဖြစ်၍ ကျောင်းနေအရွယ်ကလေးများအတွက် တစ်ကိုယ်ရေသန့်ရှင်းရေး နှင့်ကျန်းမာရေးကို အခြေခံမှစ၍ သင်ကြားပြသနိုင်ရန်လည်း လိုအပ်လှသည်။ ကလေး အရွယ်တွင် ကလေးတစ်ဦး၏ အလေ့အကျင့်ကောင်းများကို အခြားကလေးတစ်ဦးက အတု ယူလေ့လာသင်ယူရန် အားသာကြပြီး ကလေးများအနေဖြင့် ၎င်းတို့မိသားစုများတွင် တစ် ကိုယ်ရေသန့်ရှင်းရေးနှင့်ဆက်နွယ်သည့် အိမ်မှုကိစ္စများကို ကူညီလုပ်ကိုင်ရသည်လည်း ရှိ သည့်အတွက် ကလေးတိုင်း၏ တစ်ကိုယ်ရေသန့်ရှင်းရေးသည် မိသားစုတိုင်း၊ ရပ်ရွာတိုင်း အတွက် ကောင်းမွန်သည့်အပြောင်းအလဲကို ဖန်တီးပေးနိုင်သည့် အရေးပါသည့် အလေ့အကျင့် ကောင်းပင်ဖြစ်သည်။

လူမှုရေးနှင့်အပြုအမူပိုင်းဆိုင်ရာ အပြောင်းအလဲဖြစ်စေရန် သင်ကြားပေးရာတွင် ကလေး များသည် ထိရောက်မှုအရှိဆုံးနှင့် တိုးတက်မှုအသိသာဆုံးဖြစ်သည်။ မန်းရေနံမြေအတွင်းရှိ အခြေခံပညာကျောင်း (၁၁) ကျောင်း တွင် ကျောင်းနေကလေးအရွယ်တိုင်း တစ်ကိုယ်ရေသန့် ရှင်းရေးအတွက် အခြေခံအကျဆုံး လက်ဆေးသည့် အလေ့အကျင့်ကိုစနစ်တကျပြုလုပ်နိုင်စေရန် MPRL E&P (CSR အစီအစဉ်) ဖြင့် ကျောင်းသုံး လက်ဆေးစင် (၁၁) ခုကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာ ရေးနှစ်ကတည်းက “WASH” အစီအစဉ်၏ ကဏ္ဍ တစ်ရပ်အနေဖြင့် မန်းရေနံမြေ အခြေခံပညာ ကျောင်းများတွင် ပံ့ပိုးတည်ဆောက်ပေးခဲ့သည်။ ယင်းသို့ ကျောင်းအခြေခံအဆောက်အဦ ပံ့ပိုး တည်ဆောက်ခြင်းအပြင် တစ်ကိုယ်ရေသန့်ရှင်းရေး နှင့်စပ်လျဉ်းသည့် အသိပညာပေးဆွေးနွေးပွဲများနှင့် လက်တွေ့သရုပ်ပြသင်ကြားခြင်းတို့ကိုလည်း ကျောင်း နေအရွယ်ကလေးများအတွက် ပံ့ပိုးဆောင်ရွက်နိုင်ခဲ့သည်။



ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်မှုအချို့ ဖြေလျှော့ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ကျောင်းနေအရွယ်ကလေးငယ်များအတွက် စနစ်တကျလက်ဆေးသည့်နည်းစနစ်နှင့် အလေ့အကျင့်ကောင်းများ ပိုမိုဖြစ်ထွန်းပြီး တစ်ကိုယ်ရေသန့်ရှင်းရေးကို အထောက်အကူ ဖြစ်စေရန်နှင့် စွန့်ပစ်အမှိုက်လျှော့ချနိုင်စေရန်ရည်ရွယ်၍ MPRL E&P CSR လုပ်ငန်းအဖွဲ့ ဝင်များက မန်းရေနံမြေရှိ အခြေခံပညာကျောင်းများတွင် ၂၀၂၂ ခုနှစ် ဩဂုတ်လ(၁၅) ရက် နေ့မှစတင်၍ ရေ၊ သန့်ရှင်းမှုနှင့် တစ်ကိုယ်ရေကျန်းမာရေး (WASH) အစီအစဉ်နှင့် စွန့်ပစ် အမှိုက်လျှော့ချရေး (5R’s) အစီအစဉ်တို့၏ ကဏ္ဍတစ်ရပ်အနေဖြင့် ရေနံမြေ CSR ညှိနှိုင်းရေး မှူးက ကျောင်းနေအရွယ်ကလေးများကို ရေ၊ သန့်ရှင်းမှုနှင့် တစ်ကိုယ်ရေကျန်းမာရေး ဆိုင်ရာ အသိပညာများ၊ စွန့်ပစ်အမှိုက်လျှော့ချရေးနည်းလမ်းများနှင့် စနစ်တကျလက် ဆေးနည်းများ ပြန်လည်ပို့ချမျှဝေခဲ့သည်။ အဆိုပါအစီအစဉ်တွင် မန်းကျိုး၊ ချင်တောင်၊ လက်ပံတော၊ ကြာကန်၊ အောက်ကျောင်း၊ လက်ပံတပင်ကျေးရွာတို့ရှိ အခြေခံပညာ ကျောင်းများတွင် အသိပညာပေးအစီအစဉ် (၁၁) ကြိမ်ပြုလုပ်ခဲ့ပြီး ကျောင်းသားဦးရေ (၄၃၅) ဦးကို အသိပညာမျှဝေနိုင်ခဲ့သည်။ ■





ရေ၊ သန့်ရှင်းမှုနှင့်တစ်ကိုယ်ရေ ကျန်းမာရေး၊ စွန့်ပစ်အမှိုက်လျှော့ချရေး အတွက် အခြေခံပညာကျောင်းများတွင် အသိပညာမျှဝေခြင်း





စာမျက်နှာ - ၂ မှ အဆက် ➤

## မျိုးစေ့ဘဏ်အစီအစဉ်ဖြင့် သီးနှံမျိုးစေ့များဖြန့်ဝေခြင်း၊ မှိုမျိုးအိတ်များထုတ်လုပ်ခြင်းနှင့် တိရစ္ဆာန်ရောဂါ ကာကွယ်ဆေးများထိုးနှံခြင်း

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် စိုက်ပျိုးရာသီတွင် မန်းရေနံမြေဒေသခံတောင်သူများ စိုက်ပျိုးထုတ်လုပ်နိုင်ရန် MPRL E&P (CSR အစီအစဉ်) ဖြင့် မျိုးစေ့ဖြန့်ဝေမှုအစီအစဉ်အရ ကုလားပဲ၊ နေကြာ၊ ခရမ်းချဉ် မျိုးစေ့များနှင့် ခရမ်းချဉ်စိုက်ပျိုးရာတွင် အသုံးပြုသည့် မြေငွေ့ထိန်းပလပ်စတစ်လိပ်များကို ဇွန်လအတွင်း တောင်သူများထံ ဖြန့်ဝေခဲ့သည်။ အဆိုပါ ဖြန့်ဝေမှုတွင် ကုလားပဲမျိုးစေ့ (၅၇) တင်း၊ နေကြာမျိုးစေ့ (၄၂) အိတ်၊ ခရမ်းချဉ်မျိုးစေ့ (၃၀) ထုပ်၊ မြေငွေ့ထိန်းပလပ်စတစ် (၁၅) လိပ်တို့ကို အောက်ကျောင်း၊ ချင်တောင်၊ ကြာကန်၊ ကျွဲချ၊ မန်းကျိုး၊ မယ်ဘော့ကုန်း၊ ပေါက်ကုန်း၊ လက်ပံတော ကျေးရွာနေ တောင်သူ (၆၆) ဦးထံ ဖြန့်ဝေခဲ့ပြီး စုစုပေါင်း ကျပ် ၅,၉၆၉,၀၀၀/ (ကျပ်ငါးဆယ့်ကိုးသိန်း ခြောက်သောင်းကိုးထောင်) အကုန်အကျခံ၍ ပံ့ပိုးခဲ့ခြင်းဖြစ်သည်။

မှိုစိုက်ပျိုးထုတ်လုပ်မှုတွင် ကျွဲချကျေးရွာရှိ မှိုစိုက်ပျိုးထုတ်လုပ်သူများက တစ်ထုပ်လျှင် ကျပ် ၇၅၀/ တန်ဖိုးရှိ မှိုမျိုးအိတ် (၇၅၀) ထုပ်ကို ၂၀၂၂ ခုနှစ် ဇွန်လအတွင်း ထုတ်လုပ်ရောင်းချနိုင်ခဲ့သည်။ ထိုပြင် မင်းဘူးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့်ပူးပေါင်း၍ တိရစ္ဆာန်ရောဂါကာကွယ်ဆေးများပံ့ပိုးနိုင်ရန် CSR လုပ်ငန်းအဖွဲ့ဝင်များက ကြိုးပမ်းခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပထမသုံးလပတ်အတွင်း ဒေသတွင်းနွားကောင်ရေ (၂၂) ကောင်အတွက် ကာကွယ်ဆေးထိုးရရှိထိုးနှံနိုင်ရေး ဆောင်ရွက်ခဲ့သည်။

ထို့ပြင် မန်းရေနံမြေဒေသအတွင်း မွေးမြူရေးတောင်သူဦးရေနှင့် CSR အစီအစဉ်ဖြင့် မွေးမြူရေးဆိုင်ရာ ကနဦးစီမံချက်စတင်နိုင်ရန်၊ မွေးမြူရေးအလေ့အကျင့်များ လေ့လာဆန်းစစ်နိုင်ရန် ရည်ရွယ်၍ မန်းကျိုး၊ ကျွဲချ၊ မယ်ဘော့ကုန်း၊ အောက်ကျောင်းနှင့် နန်းဦးကျေးရွာတို့တွင် မွေးမြူရေးတောင်သူများ၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီများနှင့် ဒေသခံစေတနာ့ဝန်ထမ်းများနှင့် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လအတွင်း တွေ့ဆုံဆွေးနွေးခဲ့သည်။

## ရေတံခွန်စိုက်ပျိုးရေးဝန်ဆောင်မှုလုပ်ငန်းနှင့် ပူးပေါင်း၍ စိုက်ပျိုးရေးအသိပညာပေးခြင်း

MPRL E&P CSR လုပ်ငန်းအဖွဲ့ဝင်များသည် ၂၀၂၂ ခုနှစ်၊ ဇွန်လအတွင်း စိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ဝန်ဆောင်မှုအကူအညီများရရှိနိုင်ရန် ပွင့်ဖြူမြို့နယ်ရှိ “ရေတံခွန်” စိုက်ပျိုးရေးဝန်ဆောင်မှုလုပ်ငန်း (Yetagon Farm Advisory Services) နှင့်ချိတ်ဆက်၍ မန်းဒေသခံစိုက်ပျိုးတောင်သူများအတွက် တောင်သူပညာပေးအစီအစဉ်တစ်ခုကို ၂၀၂၂ ခုနှစ် ဇူလိုင်လအတွင်း စီစဉ်နိုင်ခဲ့သည်။ အဆိုပါ အစီအစဉ်အရ “ခရမ်းချဉ်စိုက်ပျိုးရာတွင်ကျရောက်သည့် ပိုးမွှားရောဂါများနှင့် သဘာဝပိုးသတ်ဆေး” ဟူသည့် ခေါင်းစဉ်ဖြင့် တောင်သူပညာပေးဆွေးနွေးပွဲကို ဇူလိုင်လ (၁၃) ရက်နေ့တွင် မန်းကျိုးကျေးရွာ၌ ကျင်းပခဲ့ရာ မန်းဒေသခံတောင်သူ ကျား (၂၂) ဦးနှင့် မ (၂၇) ဦး အပါအဝင် စုစုပေါင်း (၄၉) ဦး တက်ရောက်ခဲ့သည်။ အဆိုပါဆွေးနွေးပွဲတွင် ရေတံခွန်စိုက်ပျိုးရေးဝန်ဆောင်မှုလုပ်ငန်းမှ ဦးသိန်းဇော်စိုးက ခရမ်းချဉ်ပင်များတွင်ကျရောက်တတ်သည့် ပိုးမွှားအမျိုးအစားများ၊ ပိုးမွှားကျရောက်ပါကတွေ့ရှိရသည့် အပင်ရောဂါလက္ခဏာများ၊ အဆိုပါအပင်ရောဂါများတွေ့ရှိပါက သုံးစွဲရမည့် သဘာဝပိုးသတ်ဆေးအမျိုးအစားများ၊ သဘာဝပိုးသတ်ဆေးပြုလုပ်နည်းနှင့် ဆေးဖြန်းနည်းတို့ကို အသေးစိတ်ပို့ချခဲ့ပြီး တက်ရောက်လာသည့် တောင်သူများကသိရှိလိုသည်များကို ပြန်လည်မေးမြန်းခဲ့သည်။

အလားတူ “ရေတံခွန်” စိုက်ပျိုးရေးဝန်ဆောင်မှုလုပ်ငန်းနှင့် ပူးပေါင်း၍ မန်းဒေသခံစိုက်ပျိုးတောင်သူများအတွက် “ငရုတ်ခင်းများတွင်ကျရောက်တတ်သည့် ပိုးမွှားရောဂါများအကြောင်းသိကောင်းစရာ” ဟူသည့် ခေါင်းစဉ်ဖြင့် တောင်သူပညာပေးဆွေးနွေးပွဲကို ဩဂုတ်လ (၂၃) ရက်နေ့တွင် ကျွဲချကျေးရွာ၌ကျင်းပခဲ့ရာ ဒေသခံတောင်သူ (၃၅) ဦး တက်ရောက်ခဲ့သည်။ အဆိုပါဆွေးနွေးပွဲတွင် ရေတံခွန်စိုက်ပျိုးရေးဝန်ဆောင်မှုလုပ်ငန်းမှ ဦးသိန်းဇော်စိုးက ငရုတ်ခင်းများတွင် ကျရောက်တတ်သည့် ပိုးမွှားရောဂါများ၊ ကိုင်းဖျားခြောက်နှင့် မှဲ့ပြောက်စွန်းရောဂါ၊ ကာကွယ်နှိမ်နင်းနည်းနှင့် ငရုတ်ပင်စည်ပုပ်၊ သီးပုပ်ရောဂါနှင့် ကာကွယ်နှိမ်နင်းနည်းတို့ကို အသေးစိတ်ပို့ချခဲ့ပြီး တက်ရောက်လာသည့်တောင်သူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းခဲ့သည်။ ■











မန်းရေနံမြေဒေသခံစိုက်ပျိုးတောင်သူများထံ ကုလားပဲနှင့် နေကြာမျိုးစေ့များဖြန့်ဝေခြင်း၊ မှိုမျိုးအိတ်များထုတ်လုပ်ရောင်းချခြင်း



ခရမ်းချဉ်စိုက်တောင်သူများအတွက် ရေတံခွန် စိုက်ပျိုးရေးဝန်ဆောင်မှုလုပ်ငန်းမှ ပို့ချသည့် တောင်သူပညာပေးဆွေးနွေးပွဲ



ငရုတ်စိုက်ပျိုးတောင်သူများအတွက် ရေတံခွန် စိုက်ပျိုးရေးဝန်ဆောင်မှုလုပ်ငန်းမှ ပို့ချသည့် တောင်သူပညာပေးဆွေးနွေးပွဲ

# ရေစီးရေလာကောင်းမွန်ရေးအတွက် ကျေးရွာအခြေခံအဆောက်အဦ ဖွံ့ဖြိုးရေးလုပ်ငန်းများ ပံ့ပိုး

## ကျေးရွာလမ်းမများတွင် ကွန်ကရစ် ရေကျော် တည်ဆောက်ခြင်း

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်ရန် လျာထားသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း လျာထားချက်များအရ မန်ကျီးချောင်းကျေးရွာရှိ ခရေလမ်းနှင့် ခွာညိုလမ်းတို့တွင် ကွန်ကရစ်ရေကျော် တည်ဆောက်နိုင်ရန် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီများ၊ ကျေးရွာစေတနာ့ဝန်ထမ်းများနှင့် တွေ့ဆုံ ဆွေးနွေးခဲ့ပြီး ရေကျော်တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၂၂ ခုနှစ်၊ ဇွန်လမှ စတင်ဆောင်ရွက်ခဲ့သည်။ ၂၀၂၂ ခုနှစ် ဇူလိုင်လ (၁၁) ရက်နေ့တွင် အဆိုပါ ကွန်ကရစ် ရေကျော် တည်ဆောက်ရေးလုပ်ငန်းများပြီးစီးခဲ့ပြီး MPRL E&P



မန်ကျီးချောင်းကျေးရွာရှိ အများသုံး လမ်းမတွင် ကွန်ကရစ်ရေကျော်တည်ဆောက်ခြင်း

(CSR အစီအစဉ်) ဖြင့် ကျပ် ၂,၂၃၅,၀၀၀/ (ကျပ်နှစ်ဆယ့်နှစ်သိန်း သုံးသောင်းငါးထောင်) ပံ့ပိုးခဲ့ပြီး မန်ကျီးချောင်းကျေးရွာ ဒေသခံများက ကျပ် ၃၁၀,၀၀၀/ (ကျပ်သုံးသိန်းတစ်သောင်း) ထည့်ဝင်ခဲ့ရာ စုစုပေါင်း ကျပ် ၂,၅၄၅,၀၀၀/ (ကျပ်နှစ်ဆယ့် ငါးသိန်းလေးသောင်းငါးထောင်) အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။



ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
မကြီးချောင်းရပ်ကွက်

ဂုဏ်ပြုမှတ်တမ်းလွှာ

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်၊ မကြီးချောင်းရပ်ကွက်တွင် အများပြည်သူသွားလာသော ခရေလမ်းနှင့် ခွာညိုလမ်းတို့တွင် ကွန်ကရစ် ရေကျော်လမ်းခင်းခြင်းတို့အတွက် ကုန်ကျစရိတ်စုစုပေါင်း ကျပ် ၂,၂၃၅,၀၀၀/ (ကျပ်နှစ်ဆယ့်နှစ်သိန်းသုံးသောင်းငါးထောင်တိတိ)ကို MPRL E&P (CSR အစီအစဉ်)ဖြင့် ပံ့ပိုး ပါသောကြောင့် ဤဂုဏ်ပြုမှတ်တမ်းလွှာဖြင့် မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

လက်မှတ်
အမည်

ရက်စွဲ ၊ ၂၀၂၂ ခုနှစ် ဇူလိုင်လ (၁၁) ရက်

## မန်းကျိုးကျေးရွာ၏ ကျေးရွာလမ်းမတွင် ကွန်ကရစ် လမ်းခင်းခြင်းနှင့် ရေနုတ်မြောင်းများတူးဖော်ခြင်း

မန်းရေနံမြေထိစပ်ကျေးရွာများအနက် မန်းကျိုးကျေးရွာတွင် ကျေးရွာနေဒေသခံများ အသုံးပြုလျက်ရှိသည့် လမ်းများတွင် ပြုပြင်ရန်လိုအပ်သည့် လမ်းပိုင်းနေရာများအတွက် ကွန်ကရစ်ခင်းခြင်း၊ လမ်းဘေးဝဲယာတို့တွင် ရေနုတ်မြောင်းတူးဖော်တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၂ ခုနှစ်၊ ဩဂုတ်လအတွင်း MPRL E&P (CSR အစီအစဉ်) ဖြင့် စတင်ဆောင်ရွက်ခဲ့သည်။ အဆိုပါလုပ်ငန်းများကို ကျေးရွာအခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအနေဖြင့် ကနဦးလျာထားအစီအစဉ်အတိုင်း စနစ်





မန်းကျိုးကျေးရွာရှိ အများသုံးလမ်းမကို ကွန်ကရစ်ခင်းခြင်းနှင့် ရေနုတ်မြောင်းတူးဖော်တည်ဆောက်ခြင်း

တကျအကောင်းအထည်ဖော်လျက်ရှိသည်။ လုပ်ငန်းအတွက် MPRL E&P (CSR အစီအစဉ်) ဖြင့် ကျပ် ၃,၀၈၂,၂၀၀/ ပံ့ပိုးခဲ့ပြီး မန်းကျိုးကျေးရွာဒေသခံများ၏ ထည့်ဝင်ငွေ ကျပ် ၅၂၈,၉၀၀/ ဖြင့် တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

## မန်းရေနံမြေရှိ ကျောင်းရေသန့်စက်များမှ ရေနမူနာ ရယူစစ်ဆေး၊ ရလဒ်ကောင်းမွန်ပြီး သောက်သုံးရေအဖြစ် ဆက်လက်အသုံးပြုနိုင်

မန်းရေနံမြေထိစပ်ကျေးရွာများရှိ အခြေခံပညာကျောင်း (၁၀) ကျောင်းတွင် MPRL E&P (CSR အစီအစဉ်) ဖြင့် တပ်ဆင်ထားပြီးဖြစ်သည့် ရေသန့်စက်များမှ ရရှိသည့် သောက်သုံးရေအရည်အသွေး စစ်ဆေးနိုင်ရန် ရေနမူနာများ ရယူ၍ နှစ်စဉ် ဓာတ်ခွဲစမ်းသပ်လေ့လာလျက်ရှိရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ဇွန်လအတွင်း သွားရောက်သည့်ခရီးစဉ်တွင် ရေနမူနာများစုစည်းရယူ၍ ISO Tech ဓာတ်ခွဲခန်းသို့ ပို့ဆောင်ဓာတ်ခွဲခဲ့ပါသည်။ ယင်းသို့စစ်ဆေးရာတွင် pH အခြေအနေ၊ အရောင်၊ နောက်ကျိမှု၊ ရေတွင်ပျော်ဝင်သည့် ဓာတ်ပစ္စည်း၊ ဆားငန်ရေပါဝင်မှု၊ ကိုလီဖောင်းဘက်တီးရီးယား ပါဝင်မှု စသည့်ဖြင့် အမျိုးအစား (၇) မျိုးကို ကျသင့်ငွေ ကျပ် ၄၁၅,၅၀၀/ (ကျပ် လေးသိန်းတစ်သောင်း ငါးထောင့်ငါးရာ) အကုန်အကျခံ စစ်ဆေးခဲ့သည်။

စာမျက်နှာ - ၇ ➤

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ဒုတိယသုံးလပတ်အတွင်း တွေ့မြင်ရသည့် မန်းရေနံမြေဒေသ၏ “စိမ်းလန်းစိုပြေ တို့ကျောင်းမြေ”



မယ်ဘော့ကုန်းနှင့်လက်ပံတပင်ကျေးရွာ အခြေခံပညာကျောင်းများရှိ “စိမ်းလန်းစိုပြေ တို့ကျောင်းမြေ”အစီအစဉ်အရ စိုက်ပျိုးထားရှိသည့် သစ်ပင်ပန်းမန်များအခြေအနေ

# မန်းရေနံမြေဒေသဖွံ့ဖြိုးရေးအတွက် လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများနှင့် စဉ်ဆက်မပြတ်ထိတွေ့ဆောင်ရွက်လျက်ရှိ

## စေတနာ့ဝန်ထမ်းလစဉ်အစည်းအဝေးကျင်းပခြင်း

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒုတိယသုံးလပတ်ကာလအတွင်း မန်းရေနံမြေထိစပ်ကျေးရွာ (၁၄) ရွာ၏ ဒေသခံစေတနာ့ဝန်ထမ်းဝန်ထမ်းများ၏ လစဉ်စေတနာ့ဝန်ထမ်းအစည်းအဝေးကို ရေနံမြေ CSR ဝန်ထမ်းများနှင့်အတူ လစဉ်ကျင်းပလျက်ရှိသည်။ အဆိုပါ အစည်းအဝေးများတွင် MPRL E&P (CSR အစီအစဉ်) အရ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် CSR လုပ်ငန်းများတွင်လည်းကောင်း၊ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်တွင်လည်းကောင်း၊ ရွှေ့လျားဆေးပေးခန်းနှင့် စွန့်ပစ်အမှိုက်စီမံခန့်ခွဲရေးလုပ်ငန်းများတွင်လည်းကောင်း စေတနာ့ဝန်ထမ်းတစ်ဦးချင်းအလိုက် ပါဝင်ဆောင်ရွက်ရသည့်လုပ်ငန်းများတွင် အခက်အခဲတစ်စုံတစ်ရာရှိပါက တင်ပြခြင်း၊ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်းနှင့် လစဉ်အစည်းအဝေးများတွင် ဆွေးနွေးတင်ပြဖြေရှင်းခြင်းဖြင့် MPRL E&P ၏ CSR လုပ်ငန်းဆောင်ရွက်ချက်များတွင် စေတနာ့ဝန်ထမ်းများ အဆင်ပြေချောမွေ့စွာ ပါဝင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။



## လျှပ်စစ်မီးတိုင်စိုက်ထူနိုင်ရန်လုပ်ငန်းဆက်စပ် လုပ်ကိုင်သူများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း

မန်းရေနံမြေအတွင်း ရေနံတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ရာတွင် လျှပ်စစ်မီး စဉ်ဆက်မပြတ်ရရှိနိုင်ရေးနှင့် လိုအပ်သည့်နေရာများတွင် မီးတိုင်သစ်များ စိုက်ထူနိုင်ရေးအတွက် MPRL E&P ၏ ရေနံမြေစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ဝင်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက လျှပ်စစ်မီးတိုင်များကို လုပ်ငန်းလိုအပ်ချက်အရ ထပ်တိုးစိုက်ထူလျက်ရှိရာ ရေနံမြေ CSR ဝန်ထမ်းများက ဒေသခံများ၏ ယာခင်းများအတွင်း မီးတိုင်စိုက်ထူသည့်လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့သည်။ အဆိုပါလုပ်ငန်းစဉ်ကို ၂၀၂၂ ခုနှစ်၊ ဇူလိုင်လအတွင်းဆောင်ရွက်ခဲ့ပြီး မန်းရေနံမြေထိစပ်ကျေးရွာများတွင် မီးတိုင်လိုအပ်သည့် နေရာများတွင် ယာခင်းရှင်များရှိပါက အသိပေးအကြောင်းကြားပြီး လုပ်ငန်းအဆင်ပြေချောမွေ့စေရန် CSR လုပ်ငန်းအဖွဲ့ဝင်များက ပံ့ပိုးဆောင်ရွက်ခဲ့သည်။



## မန်းရေနံမြေ၏ CSR လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြခြင်း


၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒုတိယသုံးလပတ်အတွင်း CSR & Communications Department အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် MPRL E&P ၏ လူမှုတာဝန်သိ (CSR) လုပ်ငန်းများကို မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) ၏ ဝန်ထမ်းသစ်များ နားလည်သိရှိနိုင်စေရန်နှင့် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ မန်းရေနံမြေရှိ MPRL E&P ၏ ရေနံမြေစီမံခန့်ခွဲရေးဌာန (Field Operations Department) တွင် ရေနံမြေ CSR ညှိနှိုင်းရေးမှူး ဒေါ်လှဲ့လှဲ့ခိုင်က ရှင်းလင်းတင်ပြဆွေးနွေးခဲ့သည်။ အဆိုပါအစီအစဉ်တွင် MPRL E&P ၏ CSR လုပ်ငန်းဆောင်ရွက်ချက်များကို ဘဏ္ဍာရေးနှစ်အလိုက်ကဏ္ဍခွဲ၍ စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်အခြေအနေများနှင့် လက်ရှိလုပ်ကိုင်ဆောင်ရွက်နေမှုများကို (၂) ကြိမ်ခွဲ၍ ရှင်းလင်းတင်ပြခဲ့ပြီး MOGE ၏ ဝန်ထမ်းသစ်စုစုပေါင်း (၃၉) ဦး တက်ရောက်ခဲ့သည်။ ■



စာမျက်နှာ - ၆ မှ အဆက် ➤

စစ်ဆေးမှုအရ ကျောင်းများရှိ ရေသန့်စက်မှရရှိသည့် သောက်သုံးရေများသည် သောက်သုံးနိုင်သည့် ရေချိုရေသန့်အဆင့်တွင်ရှိပြီး ဘေးကင်းကြောင်း စစ်ဆေးတွေ့ရှိရသည့်အတွက် သက်ဆိုင်ရာအခြေခံပညာကျောင်းများရှိ တာဝန်ရှိသူများထံ စစ်ဆေးမှုရလဒ်များကို သွားရောက်ရှင်းလင်းပြသပြီး ဖြစ်သည်။








ကျောင်းရေသန့်စက်များမှ ရေနမူနာရယူ ဓာတ်ခွဲခြင်းနှင့် ရလဒ်အကြောင်းပြန်ခြင်း

## အေးမြကျေးရွာ Community Center တွင် ဒီဂျစ်တယ်အင်္ဂလိပ်စာသင်ကြားမှုအစီအစဉ် စတင်နိုင်ရန်ပြင်ဆင်

မန်းရေနံမြေ၊ အေးမြကျေးရွာရှိ Community Center တွင် သင်တန်းနည်းပြအဖြစ်ဆောင်ရွက်မည့် ဒေသခံဆရာမ (၁) ဦးနှင့် CSR ညှိနှိုင်းရေးမှူးတို့ကို ဆရာဖြစ်သင်တန်းပို့ချနိုင်ရန် ထိုင်းနိုင်ငံအခြေစိုက် iGroup ၏ mangoSTEEMS အဖွဲ့အစည်းနှင့် ချိတ်ဆက်ထားပြီးဖြစ်သည်။ "ဒီအစီအစဉ်က ကလေးတွေကို ဒစ်ဂျစ်တယ်ပညာရေးရဲ့ ဆန်းသစ်တီထွင်မှုနဲ့ မိတ်ဆက်ပေးဖို့ရည်ရွယ်ပြီး ငယ်စဉ်ကတည်းက အင်္ဂလိပ်စာနဲ့ နည်းပညာကိုရင်းနှီးဖို့ ကူညီပေးတာဖြစ်ပါတယ်။ အင်္ဂလိပ်စာသင်ယူရာမှာ MSU Platform ကိုသုံးပြီး စာအုပ်၊ တေးဂီတနဲ့ ဗီဒီယိုတွေပါ ရှာဖွေအသုံးပြုနိုင်တဲ့အတွက် နားလည်နိုင်စွမ်းနဲ့ နားထောင်မှုစွမ်းရည်ကို တိုးတက်အောင်လေ့ကျင့်ပြီး စကားပြောနဲ့ဝေါဟာရကြွယ်ဝလာဖို့ အထောက်အကူပြုနိုင်မှာပါ"ဟု Senior CSR Officer ဦးစောအယ်စာဘလူးထူးက ဆိုသည်။ ကျောင်းသားများနှင့် ဆရာများအတွက် ဒီဂျစ်တယ်စနစ်အသုံးပြု အွန်လိုင်းအင်္ဂလိပ်စာသင်ယူရာတွင် mango STEEMS ၏ MSU Platform ကို အသုံးပြုမည်ဖြစ်သည်။ ■

# မန်းရေနံမြေ၏ ကိုယ့်အားကိုယ်ကိုး အမှိုက်သိမ်းဝန်ဆောင်မှုစနစ်တွင် Trash Hero Minbu ၏ အမှိုက်ကောက် လှုပ်ရှားမှုများဖြင့် ပါဝင်အားဖြည့်လျက်ရှိ

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှစတင်၍ မန်းရေနံမြေဒေသခံများအတွက် ကိုယ့်အားကိုယ်ကိုး အမှိုက်သိမ်းစနစ် MPRL E&P (CSR အစီအစဉ်) ဖြင့် စတင်ထူထောင်ခဲ့ပြီး (၃) နှစ်တာကာလအတွင်း ရေနံမြေထိစပ်ကျေးရွာ (၁၃) ရွာတွင် လည်ပတ်လုပ်ကိုင်လျက်ရှိသည်။ စွန့်ပစ်အမှိုက်စီမံခန့်ခွဲရေးလုပ်ငန်းတွင် အရေးပါသည့် အမှိုက်သိမ်းယာဉ်ဖြင့် သတ်မှတ်ကျေးရွာများတွင် သတ်မှတ်ရက်အတိုင်း အမှိုက်လိုက်လံသိမ်းယူရသည့် ဝန်ဆောင်မှုကို ကျွဲချကျေးရွာနေ ဦးသိန်းနိုင်က ဦးစီးဆောင်ရွက်လျက်ရှိသည့် သက်ဆိုင်ရာကျေးရွာအလိုက် စေတနာ့ဝန်ထမ်းများကပါ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒုတိယသုံးလပတ်အတွင်း မန်းရေနံမြေ ထိစပ်ကျေးရွာများတွင် အမှိုက်ကောက်လှုပ်ရှားမှုပေါင်း (၁၇) ကြိမ်ဆောင်ရွက်ခဲ့ပြီး အဆိုပါလှုပ်ရှားမှုတွင် Trash Hero Minbu ၏ အမှိုက်ကောက်သူရဲကောင်း (၂၇၃) ဦးက ပူးပေါင်းပါဝင်ခဲ့ပြီး အမှိုက်အိတ် (၆၆) အိတ်ပါ အမှိုက်ကီလို (၃၃၀) ကီလိုကို ကောက်ယူသိမ်းဆည်းနိုင်ခဲ့သည်။ ထို့ပြင် ကျေးရွာနေဒေသခံများ၏ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုတွင် ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် အဆိုပါစနစ်၏အရေးပါပုံနှင့် ဒေသခံများနှင့် ဒေသအကျိုးဖြစ်ထွန်းရေးတွင် ကောင်းစွာအထောက်အကူဖြစ်သည့်လုပ်ငန်းဖြစ်ကြောင်း အသိပညာပေးအစီအစဉ်များကို ကျေးရွာများတွင်လည်းကောင်း၊ မန်းရေနံမြေရှိ အခြေခံပညာကျောင်းများတွင်လည်းကောင်း အသိပညာပေးအစီအစဉ်များကို ရေနံမြေ CSR လုပ်ငန်းအဖွဲ့ဝင်များက စဉ်ဆက်မပြတ်ပို့ချလျက်ရှိသည်။ ■







*Trash Hero Minbu ၏ အမှိုက်ကောက်လှုပ်ရှားမှုများ*












အမှိုက်သိမ်းဝန်ဆောင်မှု ဆောင်ရွက်မှုအခြေအနေ





စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဇယား

## အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဖြင့် ဒေသခံများ၏အကြံပြုချက်များကို အလေးထားဖြေရှင်းဆောင်ရွက်လျက်ရှိ

ကုလသမဂ္ဂ၏ လမ်းညွှန်အခြေခံမူ အမှတ် (၂၉) တွင် နစ်နာမှုများ ဖြေလျှော့ကုစားသည့်လုပ်ငန်းစဉ် (အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်–Operational Grievance Mechanism) ကို အတိအကျဖော်ပြထားပြီး စီးပွားရေးလုပ်ငန်းများအနေဖြင့် မိမိတို့လုပ်ငန်းကြောင့် မရည်ရွယ်ဘဲ ထိခိုက်ခံစားခဲ့ရသည့် ဒေသခံတစ်ဦးချင်းနှင့် ဒေသခံလူထုအတွက် နစ်နာမှုများကို ဖြေလျှော့ကုစားသည့် ထိရောက်သည့် လုပ်ငန်းစဉ်တစ်ခုဖြင့် နစ်နာမှုများကိုစောစီးစွာဖော်ထုတ်ပြီး တိုက်ရိုက်ကုစားနိုင်မည့် နည်းလမ်းများဖြင့် ပါဝင်ဆောင်ရွက်ရန် ဖော်ပြထားပါသည်။

MPRL E&P သည် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ် (Operational Grievance Mechanism–OGM) ကို ကုလသမဂ္ဂ၏လမ်းညွှန်အခြေခံမူ (UN Guiding Principles) ၏ စံသတ်မှတ်ချက်များနှင့်အညီ ပုံဖော်ဆောင်ရွက်ခြင်းဖြစ်ပြီး ဒေသခံများတင်ပြလာသည့် အကြံပြုဆွေးနွေးတင်ပြမှုနှင့် စိုးရိမ်မှုများကိုဖော်ထုတ်၍ ထိရောက်စွာဖြေရှင်းဆောင်ရွက်သည့်လုပ်ငန်းစဉ် ဖြစ်သည်။ MPRL E&P ၏ ရည်ရွယ်ချက်တွင် ဒေသခံများ၏လိုလားချက်များကို ဖော်ထုတ်တင်ပြခြင်းဖြင့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုနှင့် ဆက်စပ်သည့် သဘာဝပတ်ဝန်းကျင်နှင့် ရေနံမြေထိစပ်ကျေးရွာများနေ ဒေသခံများအပေါ် သက်ရောက်မှုများကို လေ့လာစောင့်ကြည့်ပြီး ဖြေရှင်းဆောင်ရွက်ခြင်းလည်းဖြစ်သည်။ လုပ်ငန်းဆောင်ရွက်နိုင်ရန် လူမှုရေးအရ သဘောတူညီမှုရရှိခြင်းသည် ဒေသခံများနှင့် ထိရောက်သည့် ပူးပေါင်းဆောင်ရွက်မှုကို တည်ထောင်လုပ်ကိုင်နိုင်ခြင်း၏ အဓိအကြောင်းရင်းလည်း ဖြစ်သည်။




၂၀၁၄ ခုနှစ်မှ ယနေ့အထိ အကြံပြုစာစုစုပေါင်းနှင့် ဆိုင်ငံ့ဖြစ်ရပ်များ




အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဆိုင်ရာအရေးကြီး စွမ်းဆောင်ရည်ပြအညွှန်းကိန်း
(၂၀၁၄ ခုနှစ်မှ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလအထိ)

၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ် ဒုတိယသုံးလပတ်အတွင်း မန်းရေနံမြေနှင့် ထိစပ်ကျေးရွာများဖြစ်သည့် ရွာသာနှင့် အောက်ကျောင်းကျေးရွာတို့ရှိ ဒေသခံများထံမှ ကုမ္ပဏီ၏လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာသည့် အကျိုးဆက် (သို့မဟုတ်) သက်ရောက်မှု၊ နစ်နာမှုတစ်စုံတစ်ရာရှိကြောင်း ပေးပို့လာသော အကြံပြုစာလွှာ စုစုပေါင်း (၂) စောင်လက်ခံရရှိခဲ့ရာ ၂၀၁၄ ခုနှစ်မှ ယနေ့အထိပေးပို့လာသော အကြံပြုစာအရေအတွက် စုစုပေါင်း (၁၆၂) စောင်ရှိပြီဖြစ်သည်။ တင်ပြလာသည့်ဖြစ်စဉ်များကို MPRL E&P ၏ မန်းရေနံမြေစီမံခန့်ခွဲရေးအဖွဲ့ (Field Operations Team) နှင့် သက်ဆိုင်ရာဌာနများပေါင်း၍ စစ်ဆေးပြုပြင်မှုများပြုလုပ်ခဲ့ပြီးနောက် အကြံပြုလွှာများကို အောင်မြင်စွာပိတ်သိမ်းနိုင်ခဲ့သည်။ ဒေသခံများ၏ အကြံပြုဆွေးနွေးချက်များကို MPRL E&P အနေဖြင့် သက်ဆိုင်ရာဌာနများပေါင်းစပ်၍ အလေးထားဖြေရှင်းပေးခဲ့သည့်အတွက် အကြံပြုစာပေးပို့သူဘက်မှ ကျေနပ်မှုရာနှုန်းပြည့် ရရှိခဲ့ခြင်းဖြစ်သည်။ ■



၂၀၁၄ ခုနှစ်မှ ယနေ့အထိ လက်ခံရရှိသည့်အကြံပြုစာများနှင့် ဖြေရှင်းဆောင်ရွက်ပြီးစီးမှုများ

## မန်းရေနံမြေဒေသအတွင်း လှူဒါန်းမှုနှင့် ပံ့ပိုးမှုများ

MPRL E&P ကုမ္ပဏီများအုပ်စုမှ အမှုဆောင်အရာရှိချုပ်၏ အတ္ထုပ္ပတ္တိစာအုပ်ဖြစ်သည့် "မြန်မာ့စွမ်းအင် လူချွန်လူကောင်း – ဦးမိုးမြင့်၏အတ္ထုပ္ပတ္တိ" (Myanmar Energy Magnate: Biography of U Moe Myint) စာအုပ်ကို မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်အတွင်းရှိ စာကြည့်တိုက်များတွင်ထားရှိပြီး ဒေသခံများဖတ်ရှုလေ့လာနိုင်ရန် ကျပ် ၁,၁၄၀,၀၀၀/ (ကျပ်ဆယ့်တစ်သိန်း လေးသောင်း) တန်ဖိုးရှိ စာအုပ်အုပ်ရေ (၁၂၀) ကို မကွေးခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနသို့ ၂၀၂၂ ခုနှစ် ဇွန်လတွင် CSR လုပ်ငန်းအဖွဲ့ဝင်များက သွားရောက်လှူဒါန်းခဲ့သည်။ အလားတူ မန်းရေနံမြေ ထိစပ်ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများ၊ အခြေခံပညာကျောင်းများနှင့် ကျေးရွာစာကြည့်တိုက်တွင်ထားရှိပြီး ဒေသခံများဖတ်ရှုနိုင်ရန် ကျပ် ၃၅၁,၅၀၀/ (ကျပ်သုံးသိန်းငါးသောင်းတစ်ထောင့်ငါးရာ) တန်ဖိုးရှိ စာအုပ်အုပ်ရေ (၃၇) အုပ်ကို သက်ဆိုင်ရာဒေသခံများထံ သွားရောက်လှူဒါန်းခဲ့သည်။ ၂၀၂၂ ခုနှစ်၊ မတ်လမှစတင်၍ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လအထိ MPRL E&P ကုမ္ပဏီများအုပ်စုအနေဖြင့် နိုင်ငံတစ်ဝှမ်းရှိ တက္ကသိုလ်၊ ကောလိပ်၊ စာကြည့်တိုက်နှင့် ဘုန်းတော်ကြီးကျောင်းများသို့ ကျပ် ၄,၅၀၀,၀၀၀/ (ကျပ်လေးဆယ့်ငါးသိန်း) တန်ဖိုးရှိ အတ္ထုပ္ပတ္တိစာအုပ် အုပ်ရေ (၅၀၀) ကို ပေးအပ်လှူဒါန်းခဲ့ပြီးဖြစ်သည်။ ■













"မြန်မာ့စွမ်းအင်လူချွန်လူကောင်း – ဦးမိုးမြင့်၏အတ္ထုပ္ပတ္တိ" စာအုပ်များကို မကွေးတိုင်းဒေသကြီးအတွင်းရှိ စာကြည့်တိုက်များသို့ လှူဒါန်းခြင်း

## မန်းရေနံမြေ၏ CSR လုပ်ငန်းများကို ပြန်ကြားဆက်သွယ်ခြင်း

**သုံးလတစ်ကြိမ်ထုတ်ဝေသည့် သတင်းလွှာများ၊ အစီရင်ခံစာများနှင့် အခြားပြန်ကြားဆက်သွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း**



“မြန်မာ့စွမ်းအင်လူချွန်လူကောင်း - ဦးမိုးမြင့်၏ အတ္ထုပ္ပတ္တိ ” စာအုပ်ကို eBookstore တွင် ရရှိနိုင်ပြီဖြစ်ကြောင်းတင်ပြထားသည့် ဝက်ဘ်ဆိုဒ်စာမျက်နှာ

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒုတိယသုံးလပတ်တွင် MPRL E&P ကုမ္ပဏီများအုပ်စုအတွင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ နည်းပညာဆိုင်ရာဆောင်းပါးများ၊ ထိုင်းနိုင်ငံရှိ Asian Institute of Technology (AIT) နှင့် MPRL E&P ကုမ္ပဏီတို့၏ ပညာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုဆောင်းပါး၊ ဦးမိုးမြင့်နှင့်မိသားစု ပညာရေးဆိုင်ရာဖောင်ဒေးရှင်း (U Moe Myint & Family's Educational Foundation)၏ ပညာသင်ဆုချီးမြှင့်ခြင်းနှင့် ပညာသင်ဆုရကျောင်းသားများနှင့် အမေးအဖြေများ၊ မန်းရေနံမြေဒေသခံလူငယ်များအတွက် ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ပညာသင်ဆုရကျောင်းသားများနှင့် အမေးအဖြေများ၊ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ၊ CSR လုပ်ငန်းဆောင်ရွက်မှုများနှင့် MPRL E&P ကုမ္ပဏီများအုပ်စု၏ CEO နှင့် မိသားစုဝင်များအတွက် မွေးနေ့ဆုတောင်းများပါဝင်သည့် Insight! သတင်းလွှာအမှတ်စဉ် (၃၂) ကို ထုတ်ဝေခဲ့သည်။ ထို့ပြင် MPRL E&P ၏ မန်းရေနံမြေတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် CSR လုပ်ငန်းဆောင်ရွက်ချက်များကို ဒေသခံများနှင့်လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများ အသေးစိတ်လေ့လာဖတ်ရှုနိုင်ရန် တို့မန်းမြေသတင်းလွှာ အမှတ်စဉ် (၆) ကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ဝေခဲ့သည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒုတိယသုံးလပတ်အတွင်း MPRL E&P ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးဆိုင်ရာ အစီရင်ခံစာ(Sustainability Report 2022) အတွက် CSR Asia (an ELEVATE Company) ၏ အကြံပေးအဖွဲ့နှင့် MPRL E&P ကုမ္ပဏီ၏ မန်နေဂျာများ၊ လက်ထောက်မန်နေဂျာများ ပါဝင်သည့် Materiality Review Survey ကောက်ယူခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။




Insight! သတင်းလွှာ အမှတ် (၃၂) ထုတ်ဝေဖြန့်ချိခြင်း

အလားတူ MPRL E&P ၏ မန်းရေနံမြေတွင် ဆောင်ရွက်လျက်ရှိသည့် CSR လုပ်ငန်းများနှင့်စပ်လျဉ်း၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် အင်္ဂလိပ်ဘာသာဖြင့်ရေးသားထုတ်ဝေသည့် ပထမခြောက်လပတ်အစီရင်ခံစာကို လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများထံ စနစ်တကျပေးပို့ခဲ့သည်။ ထို့ပြင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် မြန်မာဘာသာဖြင့်ထုတ်ဝေသည့် CSR လုပ်ငန်းဆိုင်ရာ ဒုတိယသုံးလပတ်အစီရင်ခံကို မန်းရေနံမြေနှင့် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (နေပြည်တော်) တို့ရှိ လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများထံ ပေးပို့အစီရင်ခံခဲ့သည်။ အလားတူ မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ရေးသားထားသည့် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းဆိုင်ရာ ဒုတိယသုံးလပတ်အစီရင်ခံစာကို MPRL E&P ဝက်ဘက်ဆိုဒ်စာမျက်နှာ https://mprlexp.com နှင့် ရုံးသုံးအင်တာနက်စာမျက်နှာများတွင် စနစ်တကျတင်ပြအစီရင်ခံပြီး ဖြစ်သည်။


၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒုတိယသုံးလပတ်တွင် MPRL E&P ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ ဦးမိုးမြင့်၏ အတ္ထုပ္ပတ္တိ ဖြစ်သည့် “မြန်မာ့စွမ်းအင်လူချွန်လူကောင်း” စာအုပ်ကို iG Publishing အင်တာနက်စာမျက်နှာ (eBookstore) မှတဆင့် ဖတ်ရှုနိုင်ပြီဖြစ်ကြောင်း MPRL E&P ကုမ္ပဏီ၏ ဝက်ဘ်ဆိုဒ်တွင် စာမျက်နှာအသစ်တစ်ခု https://mprl-exp.com/newsroom/ceos-biography-booklet ဖြင့် ဖော်ပြထားပြီးဖြစ်သည်။ ■




တို့မန်းမြေ သတင်းလွှာ အမှတ် (၆) ထုတ်ဝေဖြန့်ချိခြင်း



၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်
CSR လုပ်ငန်းဆောင်ရွက်ချက်ဆိုင်ရာ
ဒုတိယသုံးလပတ် အစီအရင်ခံစာ




၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အကြံပြု
ဆွေးနွေးခြင်း လုပ်ငန်းစဉ်ဆိုင်ရာ
ဒုတိယသုံးလပတ် အစီအရင်ခံစာ




၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်
CSR လုပ်ငန်းဆောင်ရွက်ချက်ဆိုင်ရာ
ပထမခြောက်လပတ် အစီအရင်ခံစာ

ကျောဖုံးမှ အဆက် ➤

ကျွန်မအနေနဲ့လည်း သင်တန်းပြီးရင် လုပ်ငန်းခွင်ဝင်နိုင်ဖို့ မျှော်မှန်းထားပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ တစ်ဖက်တစ်လမ်းက ကူညီသွားမယ်လို့ ဆုံးဖြတ်ထားပါတယ်။"



**မဝေဝေလင်း** (ရွာသာကျေးရွာ)
စိုက်ပျိုးရေးသိပ္ပံကျောင်း (ပွင့်ဖြူ)

"ကျွန်မကတော့ ရွာသာကျေးရွာက မဝေဝေလင်း ဖြစ်ပါတယ်။ MPRL E&P ကုမ္ပဏီရဲ့ (CSR အစီအစဉ်) ကပံ့ပိုးတဲ့ ပညာသင်ဆုနဲ့ စိုက်ပျိုးရေးသိပ္ပံကျောင်း (ပွင့်ဖြူ) မှာ သုံးနှစ်ဒီပလိုမာသင်တန်း တက်ရောက်ခွင့် ရရှိခဲ့ပါတယ်။ ဒီပညာသင်ဆုကို COVID-19 ဒုတိယလှိုင်းစတင် ဖြစ်ပွားချိန်မှာ လျှောက်ထားခဲ့တာဖြစ်ပြီး ၂၀၂၂ ခုနှစ် မေလမှာ MPRL E&P က တာဝန်ရှိသူတွေ၊ ရပ်မိရပ်ဖတွေရဲ့ စိစစ်ရွေးချယ်မှုနဲ့ ပညာသင်ဆုရရှိပြီး အခုဆိုရင် ပထမနှစ်သင်တန်းတက် ရောက်နေပါပြီ။ ကျောင်းရောက်ခါစက မနက်စောစော ကွင်းဆင်းရတာကြောင့် ပင်ပန်းတယ်လို့ ခံစားခဲ့ရပေမယ့် အခုတော့ မနက်ဖြစ်ဖြစ် ညနေဖြစ်ဖြစ် လက်တွေ့ကွင်းဆင်းရတာ အရင်ကထက် အများကြီးအဆင်ပြေသွားပါပြီ။ ကျွန်မအပါအဝင် မန်းရေနံမြေဒေသက လူငယ် (၇) ဦး(ယောကျ်ားလေး (၄) ဦးနဲ့ မိန်းကလေး (၃) ဦး) ပညာသင်ဆုရရှိခဲ့တာဖြစ်ပြီး သူငယ်ချင်းတွေနဲ့အတူတူ ကျောင်းတက်ရလို့ ပျော်ပါတယ်။ တကယ်ဆို အဆင့်မြင့်ပညာရေးကို ဆက်လက်သင်ယူဖို့ ငွေကြေးအခက်အခဲတွေရှိနေတဲ့ ကျွန်မတို့အားလုံးဟာ MPRL E&P ကုမ္ပဏီ CSR အစီအစဉ်ရဲ့ ပညာသင်ဆုပံ့ပိုးမှုကနေ လိုချင်တဲ့ပညာရေးကို ဆက်လက်သင်ယူခွင့်ရရှိလို့ ကုမ္ပဏီကို အထူးကျေးဇူးတင်ပါတယ်။ လက်ရှိ သင်တန်းကျောင်းသူဘဝမှာ ကြီးကြီးမားမားအခက်အခဲရယ်လို့ မရှိပါဘူး။ သင်တန်းပထမနှစ်မှာ Horticulture၊ Agronomy၊ Botany၊ English၊ Mathematics၊ Physics၊ Animal Husbandry၊ ICT (Information and Communication Technology)၊ Social Skills နဲ့ Chemistry ဘာသာရပ်တွေကို သင်ယူရပြီး စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ အသိပညာဗဟုသုတတွေကိုလည်း စာတွေ့၊ လက်တွေ့ သင်ကြားပေးလို့ တကယ့်ကို အသိပညာတွေ ရရှိပါတယ်။ လူမှုပေါင်းသင်းဆက်ဆံရေးမှာလည်း အရင်ကထက်ပိုပြီးတိုးတက်လာပါတယ်။ ကျောင်းပြီးသွားရင် စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့လုပ်ငန်းတွေမှာ ဝင်ရောက်လုပ်ကိုင်ပြီး ဒေသကို ပြန်ပြီးအကျိုးပြုနိုင်ဖို့ ရည်မှန်းထားပါတယ်။"



**မောင်ဇော်မျိုးအောင်** (အောက်ကျောင်းကျေးရွာ)
အစိုးရနည်းပညာအထက်တန်းကျောင်း (မကွေး)

"ကျွန်တော်ကတော့ အောက်ကျောင်းကျေးရွာက ဇော်မျိုးအောင်ဖြစ်ပါတယ်။ ၂၀၂၀ ခုနှစ်က နဝမတန်း အောင်မြင်ခဲ့တာဖြစ်ပြီး ကျောင်းနားနေရပြီး နှစ်နှစ်အကြာ ၂၀၂၂ ခုနှစ် မေလမှာ အစိုးရနည်းပညာ အထက်တန်းကျောင်း (မကွေး)မှာ ပညာသင်ယူနိုင်ဖို့ MPRL E&P ရဲ့ ပညာသင်ဆုပံ့ပိုးမယ့်အစီအစဉ်ကို ကြော်ငြာသင်ပုန်းကနေ ဖတ်ရပြီး ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာစေတနာ့ဝန်ထမ်းနဲ့ CSR ဝန်ထမ်းတွေကနေ အသေးစိတ်သိရှိခဲ့ရပါတယ်။ ကျွန်တော်က အင်ဂျင်နီယာတစ်ဦးဖြစ်ချင်ပေမယ့် မိသားစုစီးပွားရေး အကျပ်အတည်းကြောင့် ပညာဆက်လက်သင်ယူဖို့ အခက်အခဲရှိနေချိန်မှာ ဒီပညာသင်ဆုအစီအစဉ်က ငွေကြေးအခက်အခဲရှိနေတဲ့ မန်းရေနံမြေဒေသခံလူငယ်တွေကို ပညာသင်စရိတ်ထောက်ပံ့ပေးမယ်ဆိုတာကိုသိရပြီး လျှောက်ထားဖြစ်ခဲ့ပါတယ်။ ကျွန်တော်နဲ့အတူ အေးမြကျေးရွာက ကိုစည်သူမောင်၊ လေးအိမ်တန်းကျေးရွာက မခင်နှင်းအေးတို့လည်း ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနလက်အောက်က အစိုးရနည်းပညာ အထက်တန်းကျောင်း (မကွေး) မှာ MPRL E&P ရဲ့ ပညာသင်ဆုနဲ့ တက်ရောက်နေတာ ရှိပါတယ်။ ကျွန်တော်တို့အခု တက်ရောက်နေတဲ့ ပထမနှစ်ဝက်သင်တန်းမှာ Myanmar၊ English၊ Mathematics၊ Physics၊ Chemistry၊ Basic Civil Drawing၊ Building Materials and Construction ဘာသာရပ်တွေကို သင်ယူရပြီး ဒီ (၃) နှစ်တာသင်တန်းကာလကို ကုန်ကျစရိတ်အတွက် စိတ်ပူစရာမလိုဘဲ ပညာရေးကိုပဲ သေချာအာရုံစိုက်နိုင်အောင် ကူညီပံ့ပိုးပေးတဲ့ MPRL E&P ကုမ္ပဏီနဲ့ တာဝန်ရှိသူများကို ကျေးဇူးအထူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။"



**မောင်ကျော်မင်းသူ** (မယ်ဘဲ့ကုန်းကျေးရွာ)
ရောဂါတီဆေးဝါးကျွမ်းကျင်နှင့် ကျန်းမာရေး
စောင့်ရှောက်မှုသင်တန်းကျောင်း (မင်းဘူး)

"ကျွန်တော်ကတော့ မယ်ဘဲ့ကုန်းကျေးရွာက ကျော်မင်းသူဖြစ်ပါတယ်။ ကျွန်တော်က အခြေခံကျန်းမာရေးတက္ကသိုလ် (University of Community Health, Magway) မှာ ၂၀၂၀ ခုနှစ်အထိ ပညာသင်ယူခဲ့ပြီး နောက်ဆုံးနှစ်သင်တန်းကာလအထိ တက်ရောက်ခဲ့သူတစ်ဦးလည်း ဖြစ်ပါတယ်။ ဒီအတောအတွင်း အခြေအနေအကြောင်းကြောင်းကြောင့် တက္ကသိုလ်ဆက်မတက်နိုင်ဖြစ်နေချိန်မှာ MPRL E&P ကုမ္ပဏီရဲ့ CSR အစီအစဉ်ပံ့ပိုးမှုနဲ့ ရောဂါတီဆေးဝါးကျွမ်းကျင်နှင့်ကျန်းမာရေးစောင့်ရှောက်မှုသင်တန်းကျောင်း (မင်းဘူး) မှာ သူနာပြုအကူသင်တန်းကို ၂၀၂၂ ခုနှစ် ဧပြီလက တက်ရောက်ပြီးစီးခဲ့လို့ အသက်မွေးဝမ်းကျောင်းလုပ်ဖို့ အသိအမှတ်ပြုလက်မှတ်တစ်ခု ရရှိခဲ့ပါတယ်။ MPRL E&P ရဲ့ ဒီပညာသင်ဆုအစီအစဉ်ကို ကျေးရွာအသံချဲ့စက်ကနေတစ်ဆင့် ကြားသိခဲ့ရပြီး ကျွန်တော်ကိုယ်တိုင်လည်း စိတ်ပါဝင်စားလို့ လျှောက်ထားခဲ့တာဖြစ်ပါတယ်။ သူနာပြုအကူသင်တန်းတက်ရောက်ဖို့ရာ ရေးဖြေ၊ နှုတ်ဖြေ မေးမြန်းမှုအဆင့်ဆင့်ကို ဖြေဆိုခဲ့ရပြီး အင်တာဗျူးအောင်မြင်ခဲ့တဲ့ ကျွန်တော်အပါအဝင် မန်းရေနံမြေဒေသက လူငယ် (၅) ဦးကို CSR အစီအစဉ်က ပညာသင်စရိတ်ထောက်ပံ့ပေးခဲ့ပါတယ်။ တက္ကသိုလ်မှာတုန်းက ကျန်းမာရေးနဲ့ပတ်သက်တဲ့ အသိပညာတွေကို လက်တွေ့ထက်စာတွေ့ကို အများဆုံးသင်ယူခဲ့ရတာပါ။ MPRL E&P ရဲ့ CSR အစီအစဉ်ပံ့ပိုးမှုနဲ့ တက်ရောက်ရတဲ့ သင်တန်းမှာတော့ ကျန်းမာရေးအသိပညာတွေကို စာတွေ့ရော လက်တွေ့ပါ ရရှိခဲ့ပါတယ်။ သင်တန်းတက်တဲ့အခါမှာတော့ သွေးပေါင်ချိန်တိုင်းနည်း၊ ECG ဆွဲနည်း၊ ဆီး/ ဝမ်းချူနည်း၊ ဆီးပိုက်/ နှာခေါင်းပိုက်ထည့်နည်း၊ လေဖြတ်လူနာတွေကို လက်တွေ့ပြုစုနည်း၊ ဆေးခန်းသုံးပစ္စည်းများကိုင်တွယ်သိမ်းဆည်းနည်း၊ လူနာများကို စနစ်တကျပြုစုစောင့်ရှောက်နည်းတွေအပြင် အိမ်သုံးဆေးဝါးများ၊ ဆေးအခေါ်အဝေါ်များအကြောင်းကိုလည်း စနစ်တကျလေ့လာသိရှိခဲ့ပြီး စာတွေ့လက်တွေ့လုပ်ဆောင်ခဲ့ရတာကြောင့် ကျွန်တော့်အနေနဲ့ ကျန်းမာရေးအသိပညာတွေ ပိုတိုးလာတယ်လို့ ခံစားရပါတယ်။ သင်တန်းပြီးတော့ ရောဂါတီသင်တန်းကျောင်းမှာ အချိန်ပိုင်းနည်းပြအနေနဲ့ ခဏတာဝင်ရောက်အလုပ်လုပ်ကိုင်ခဲ့ပြီး လက်ရှိမှာတော့ ဒေါ်တိုးဆေးဆိုင် (Daw Toe Distribution) မှာ ဝင်ရောက်လုပ်ကိုင်နေပြီး ဆေးဝါးဆိုင်ရာအကြောင်းကို ပိုမိုသိရှိအောင် လေ့လာနေပါတယ်။ ကျွန်တော့အနေနဲ့ ကျန်းမာရေးမှူး (B.Comm.H) ဘွဲ့ရအောင် ဆက်လက်ကြိုးစားမှာဖြစ်ပြီး ရပ်ရွာမှာလိုအပ်နေတဲ့ ဆေးခန်းနှင့်ဆေးဆိုင်ဖွင့်နိုင်ဖို့လည်း ကြိုးစားသွားမှာဖြစ်ပါတယ်။ အသိပညာ၊ အတတ်ပညာမပြည့်စုံသေးတဲ့၊ ဝါသနာပါရာ အသက်မွေးဝမ်းကျောင်းပညာရပ်တွေကို ဆက်လက်သင်ယူဖို့ ငွေကြေးမပြည့်စုံသေးတဲ့ ကျွန်တော်တို့လိုလူငယ်တွေကို အသက်မွေးဝမ်းကျောင်းပညာရပ်တွေ လေ့လာသင်ယူနိုင်အောင် အဖက်ဖက်မှ ကူညီပံ့ပိုးပေးတဲ့ MPRL E&P ကုမ္ပဏီကို ကျွန်တော့အနေနဲ့ ကျေးဇူးအထူးတင်ရှိပါတယ်။ လူငယ်တွေကို မြေတောင်မြှောက်ပေးတဲ့ ဒီအစီအစဉ်ကို ဆက်လက်လုပ်ဆောင်ပံ့ပိုးပေးပါလို့လည်း မေတ္တာရပ်ခံအပ်ပါတယ်။" ■

# လူငယ်များအတွက် အလုပ်အကိုင်၊ စွန့်ဦးတီထွင်မှုနှင့် ကျွမ်းကျင်မှုစွမ်းရည်များ ဖြည့်ဆည်းပေးရေး အလေးပေးဆောင်ရွက်

## MPRL E&P (CSR အစီအစဉ်) ဖြင့် ပညာသင်ဆုရ မန်းရေနံမြေဒေသခံ လူငယ်များနှင့်တွေ့ဆုံမေးမြန်းခြင်း

၂၀၁၄ ခုနှစ် နိုဝင်ဘာလမှ စ၍ ကုလသမဂ္ဂအထွေထွေညီလာခံ၏ ကြေညာချက်ဖြင့် ဇူလိုင်လ (၁၅) ရက်နေ့တွင် နှစ်စဉ်ကျင်းပလေ့ရှိသည့် ကမ္ဘာ့လူငယ်များကျွမ်းကျင်ရေးနေ့ (World Youth Skills Day) သည် လူငယ်များကို အလုပ်အကိုင်၊ စွန့်ဦးတီထွင်မှုနှင့် ကျွမ်းကျင်မှုစွမ်းရည်များ ဖြည့်ဆည်းပေးရေး၏ မဟာဗျူဟာမြောက်အရေးပါမှုကို မီးမောင်းထိုးပြလျက်ရှိသည်။ လူငယ်များအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုနှင့် ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန်၊ အနာဂတ်အတွက်ပံ့ပိုးပေးရန်နှင့် စီးပွားရေး တိုးတက်မှုကိုကူညီပေးရန် အဆိုပါနေ့တွင် ပိုမိုအလေးထား တောင်းဆိုလေ့ရှိကြသည်။

MPRL E&P သည် လုပ်ငန်းအောင်မြင်မှုနှင့်အတူ မန်းရေနံမြေဒေသခံများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကို အလေးအနက်ထားသည်ဖြစ်ရာ ဒေသခံလူငယ်များအတွက် လိုအပ်သည့် နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာကျွမ်းကျင်မှုများပံ့ပိုးခြင်းဖြင့် လူမှုတာဝန်သိလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ နည်းပညာနှင့် သက်မွေးဝမ်းကျောင်းစွမ်းရည်များ ပိုမိုတိုးတက်စေရန် အစိုးရ၊ ပုဂ္ဂလိကလေ့ကျင့်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဒေသခံလူငယ်များအတွက် နှစ်စဉ်ပညာသင်ဆုပံ့ပိုးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

MPRL E&P ၏ ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖြစ်သည့် နည်းပညာနှင့် သက်မွေးပညာလေ့ကျင့်ရေးသင်တန်းများ (TVET) သည် လူငယ်တစ်ဦးချင်းအတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်များရရှိနိုင်ရန် သက်ဆိုင်ရာဘာသာရပ်အလိုက် ကျွမ်းကျင်မှုကို ဖြည့်ဆည်းပေးနိုင်ပြီး ပညာသင်ဆုပံ့ပိုးခြင်းသည် ဒေသခံများကို ငွေကြေးဆိုင်ရာဝန်ထုပ်ဝန်ပိုး မဖြစ်စေဘဲ သင်တန်းပြီးမြောက်အောင် အကူအညီပေးခြင်းလည်းဖြစ်သည်။

သို့ဖြစ်၍ MPRL E&P (CSR အစီအစဉ်) ဖြင့် ပညာသင်ဆုရရှိပြီး ဒေသတွင်းသင်တန်းကျောင်းအချို့တွင် တက်ရောက်သင်ယူလျက်ရှိသည့် မန်းရေနံမြေဒေသခံလူငယ်များနှင့် တွေ့ဆုံမေးမြန်းမှုများကို မျှဝေတင်ပြအပ်ပါသည်။



**မောင်အောင်ပိုင်ဖြိုး** (ပေါက်ကုန်းကျေးရွာ)
အမှတ်(၅) စက်မှုသင်တန်းကျောင်း (မကွေး)

"ကျွန်တော်ကတော့ ပေါက်ကုန်းကျေးရွာက အောင်ပိုင်ဖြိုး ဖြစ်ပါတယ်။ MPRL E&P ရဲ့ ပံ့ပိုးမှုနဲ့ အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး) မှာ Automobile Maintenance Course တစ်နှစ်သင်တန်းကို တက်ရောက်နေသူ ဖြစ်ပါတယ်။ ပညာသင်ဆုလျှောက်ထားပြီး စက်မှုသင်တန်းကျောင်းတက်နိုင်ကြောင်း သတင်းကို ကျေးရွာစေတနာ့ဝန်ထမ်းတွေကနေ ကြားသိခဲ့ရပြီး Automobile ပညာရပ်ကို လေ့လာသင်ယူချင်တာကြောင့် လျှောက်ထားဖြစ်ခဲ့ပါတယ်။ ကျောင်းဝင်ခွင့်စာမေးပွဲကို ကျွန်တော်နဲ့အတူ ဒေသခံလူငယ် (၇) ဦး ဖြေဆိုအောင်မြင်ခဲ့ပြီး အမျိုးသား (၅) ဦးက Automobile Maintenance Course နဲ့ အမျိုးသမီး (၂) ဦးက CAD/CAM သင်တန်းတက်ရောက်ခဲ့ပါတယ်။ သင်တန်းကျောင်းက သက်ဆိုင်ရာဘာသာရပ်တွေအပြင် သင်တန်းသားတွေရဲ့ စိတ်ဓာတ်၊ စည်းကမ်းနဲ့ အထွေထွေဗဟုသုတပိုင်းမှာပါ တိုးတက်ကောင်းမွန်အောင် လေ့ကျင့်သင်ကြားပေးပါတယ်။ ပြီးတော့ ယာဉ်မောင်းလိုင်စင်ရရှိအောင်၊ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိအောင်လည်း ချိတ်ဆက်ဆောင်ရွက်ပေးတယ်။ MPRL E&P ရဲ့ ပံ့ပိုးမှုနဲ့ ဒီသင်တန်းကျောင်းကနေ CAD/CAM Course ကို တက်ရောက်ပြီးစီးခဲ့တဲ့ ကျွန်တော်တို့ ပေါက်ကုန်းရွာသားကိုမြတ်သူမောင်ဆိုရင်လည်း သင်တန်းကျောင်းရဲ့ ချိတ်ဆက်ပံ့ပိုးမှုနဲ့ ရန်ကုန်က SUZUKI ကားကုမ္ပဏီမှာ အလုပ်ဝင်နေပြီလို့ သိရပါတယ်။ MPRL E&P ရဲ့ ပညာသင်ဆုပံ့ပိုးမှုအစီအစဉ်ဟာ ကျွန်တော်တို့ မန်းရေနံမြေ ဒေသခံလူငယ်တွေရဲ့ ပညာရေးကို အထောက်အကူပြုရုံသာမက အလုပ်အကိုင်အခွင့်အလမ်းလည်း ပိုမိုတိုးတက်ကောင်းမွန်စေလို့ တစ်ဦးတစ်ယောက်၊ မိသားစုနဲ့ ရပ်ရွာဒေသအတွက်ပါ အကျိုးပြုတဲ့အစီအစဉ်တစ်ခုဖြစ်ပါတယ်။ ဒီလိုပညာသင်ဆုပံ့ပိုးပေးတဲ့ MPRL E&P ကို ကျေးဇူးတင်ပါတယ်။ ကျွန်တော့်အနေနဲ့ သင်တန်းပြီးရင် မော်တော်ယာဉ်နဲ့ပတ်သက်ပြီး ဆက်လေ့လာမှာဖြစ်ပြီး ကျွမ်းကျင်သူတစ်ဦးဖြစ်အောင် ဆက်ကြိုးစားသွားမှာပါ။ ကျွန်တော့်အတွေ့အကြုံ ဗဟုသုတတွေကိုလည်း မန်းရေနံမြေကလူငယ်တွေကို ပြန်လည်ဝေမျှသွားဖို့ စိတ်ကူးလည်းရှိပါတယ်။ MPRL E&P ကုမ္ပဏီအနေနဲ့ အလုပ်အကိုင်အခွင့်အလမ်းတိုးတက်ရရှိစေဖို့ အခုလိုပဲဆက်လက်ပံ့ပိုးပေးစေလိုပါတယ်။ ပညာသင်ခွင့်ရအောင် အဖက်ဖက်ကနေထောက်ပံ့ပေးတဲ့ MPRL E&P (CSR အစီအစဉ်)နဲ့ ကျွန်တော်တို့ကို စိတ်စေတနာအပြည့်နဲ့ပညာသင်ကြားပေးတဲ့ အမှတ် (၅) စက်မှုသင်တန်းကျောင်းက ဆရာ၊ ဆရာမတွေကိုပါ ကျေးဇူးအထူးတင်ပါတယ်။"




**မအင်ကြင်းခိုင်** (မန်းကျိုးကျေးရွာ)
အမှတ်(၅) စက်မှုသင်တန်းကျောင်း (မကွေး)

"ကျွန်မကတော့ မန်းကျိုးကျေးရွာက အင်ကြင်းခိုင်ဖြစ်ပါတယ်။ ၂၀၂၀ ခုနှစ်မှာ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို အောင်မြင်ခဲ့ပြီး လက်ရှိမှာ MPRL E&P ရဲ့ ပညာသင်ဆုနဲ့ အမှတ်(၅) စက်မှုသင်တန်းကျောင်း (မကွေး) မှာ CAD/ CAM (Computer-Aided Design and Computer- Aided Manufacturing) သင်တန်းတက်ရောက်နေသူ ဖြစ်ပါတယ်။ သင်တန်းကာလက (၉) လဖြစ်ပြီး Auto CAD၊ Basic Computer၊ Basic Metal Work၊ Technical English၊ Technical Drawing၊ Trade Technology and Material၊ CNC Lathe Machine & CNC Machining Center၊ CMTO နဲ့ Calculation ဘာသာရပ်တွေကို လက်တွေ့သင်ယူနေရပါတယ်။ ပထမနှစ်ဝက်မှာ ဘာသာရပ် (၉) ခုလုံးသင်ယူခဲ့ရပြီး ဒုတိယနှစ်ဝက်မှာ Auto CAD၊ CNC Lathe Machine & CNC Machining Center နဲ့ CMTO ဘာသာရပ်တွေကို စာတွေ့၊ လက်တွေ့သင်ယူရပါတယ်။ ထပ်တိုးဘာသာအနေနဲ့ MASTER CAM ဘာသာရပ်ကို သင်ယူရပါတယ်။ MPRL E&P ရဲ့ ပညာသင်ဆုနဲ့ ဒီသင်တန်းကျောင်းကို တက်ရောက်ခွင့်ရရှိခဲ့ပြီးတဲ့နောက်မှာ အရင်က အလှမ်းဝေးခဲ့တဲ့ ပညာတွေကို လေ့လာသင်ယူခွင့်ရခဲ့တာ၊ လူအများနဲ့ပေါင်းသင်းဆက်ဆံရေး ပိုပြီးကောင်းလာတာ၊ စည်းစနစ်တကျ ဝတ်ဆင်စားသောက်နေထိုင်တတ်လာတာတွေက လက်တွေ့အကျိုးကျေးဇူးခံစားလာရတာပါ။ ကျွန်မတို့ရဲ့ ပညာသင်ဆုမှာ ပညာသင်စရိတ်၊ အဆောင်စရိတ်၊ အသုံးစရိတ်၊ စားသောက်စရိတ်တွေနဲ့ လိုအပ်တာတွေကို ပုံမှန်ပံ့ပိုးပေးနေလို့ သင်တန်းကို အခက်အခဲမရှိဘဲ အဆင်ပြေပြေနဲ့တက်ရောက်နေနိုင်တာ ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ပထမနှစ်ဝက်စာမေးပွဲမှာ အဆင့်(၁) ရရှိခဲ့ပါတယ်။ ဒီပညာသင်ဆုအစီအစဉ်ကို ကျွန်မတို့ရွာက ဦးဝင်းကို ဆီကနေတစ်ဆင့်သိရှိပြီး လျှောက်ထားဖြစ်ခဲ့တာပါ။ ဒီမတိုင်ခင်ကလည်း ကျွန်မတို့ရွာသားတွေဖြစ်တဲ့ ကိုဇေယျာဖြိုးနှင့် ကိုရာဇာအောင်တို့ MPRL E&P ရဲ့ပညာသင်ဆုနဲ့ ဒီအမှတ် (၅) စက်မှုသင်တန်းကျောင်းမှာ Automobile Maintenance Course သင်တန်းကိုတက်ရောက်ခဲ့ကြပြီး အခုဆိုကျောင်းပြီးလို့ သက်ဆိုင်ရာလုပ်ငန်းတွေမှာ အလုပ်ဝင်နေကြပြီလို့ သိရပါတယ်။ ပညာသင်ဆုအစီအစဉ်က ကျွန်မတို့ မန်းရေနံမြေဒေသခံလူငယ်တွေရဲ့ အနာဂါတ်အတွက် ကောင်းမွန်တဲ့အလား အလာတွေကို ဖန်တီးပေးနိုင်တယ်ဆိုတာ သိသာထင်ရှားပါတယ်။

စာမျက်နှာ - ၁၁ ➤